မည်သူမဆို ငါကိုယ်တော်အတွက်

မိမိ၏ပါးစောင်နှစ်ခုကြားတွင်ရှိသောအရာ(နှုတ်လျှာ)နှင့် ခြေနှစ်ချောင်းကြားတွင်ရှိသောအရာ(အရှက်အင်္ဂါ)ကို ထိန်းသိမ်းရန်တာဝန်ယူလျှင်

ငါကိုယ်တော်သည် ထိုသူ့အတွက် ဂျန္နသ်သုခဘုံကို

တာဝန်ယူတော်မူသည်။

စဟ်လ်ဗင်န်စအ်ဒ်(ရဿွိယလ္လာဟုအန်ဟု)ကတမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ထံမှ ဆင့်ပြန်ခဲ့သည်။ မည်သူမဆို
ငါကိုယ်တော်အတွက် မိမိ၏ပါးစောင်နှစ်ခုကြားတွင်ရှိသော အရာ(နှုတ်လျှာ)နှင့်
ခြေနှစ်ချောင်းကြားတွင်ရှိသော အရာ(အရှက်အင်္ဂါ)ကို ထိန်းသိမ်းရန်တာဝန်ယူလျှင်
ငါကိုယ်တော်သည် ထိုသူ့အတွက် ဂျန္နသ်သုခဘုံကို တာဝန်ယူတော်မူသည်။
[صحيح] [رواه البخاري]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ကိစ္စရပ်နှစ်ခုကို ပြောပြတော်မူပြီးမွတ်စ်လင်မ်တစ်ဦးအနေဖြင့် ယင်းကိစ္စနှစ်ခုအား ထိန်းသိမ်းမည်ဆိုပါကမုချဂျန္နသ်သုခဘုံသို့ဝင်ရမည်ဖြစ်ကြောင်း မိန့်ကြားခဲ့သည်။ ပထမတစ်ခုမှာအလ္လာဟ်အရှင်မြတ်အမျက်တော်ရှ‌စေမည့် စကားများမှနှုတ်လျှာအားထိန်းသိမ်းခြင်းဖြစ်ပြီး ဒုတိယတစ်ခုမှာ စက်ဆုတ်ဖွယ်ရာကိစ္စများကျူးလွန်ခြင်းမှ အရှက်အင်္ဂါအားထိန်းသိမ်းခြင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော်ထိုအစိတ်အပိုင်းနှစ်ခုသည် မကောင်းမှုဒုစရိုက်များတွင်အများဆုံးကျရောက်တတ်သည့်အတွက်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/3475